# မဲခေါင်ဒေသနိုင်ငံများ၏ ကုန်စည်ပို့ဆောင်ကူးသန်းစီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲ
# (Seminar on Logistics Management for Greater Mekong Sub-region Countries) ၏
# ကောက်နုတ်ချက်အကျဉ်းချုပ်

၁။ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်မှ ဒီဇင်ဘာလ (၇)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှပြုလုပ်သည့် မဲခေါင်ဒေသနိုင်ငံများ၏ကုန်စည်ပို့ဆောင်ကူးသန်းစီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Logistics Management for Greater Mekong Sub-region Countries)အား ပေကျင်းမြို့တွင် တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအကြား စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရာတွင် အဓိကအရေးပါသောကဏ္ဍတစ်ခုဖြစ်သည့် Logistics ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စွာ ဆောင်ရွက်နေသည့် အတွေ့အကြုံများအား ရှင်းလင်းပြသအသိပညာဖလှယ်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်၊ တရုတ်နိုင်ငံနှင့်အဖွဲ့ဝင်နိုင်ငံချင်းအကြား နှစ်ဖက်ခင်မင်မှုနှင့်နားလည်မှုများ ပိုမိုရယူနိုင်ရန်တို့အတွက်ရည်ရွယ်၍ ဤဆွေးနွေးပွဲအား ကျင်းပခြင်းဖြစ်ပါသည်။

၂။ ဤဆွေးနွေးပွဲသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်စုစုပေါင်း (၂၃)ဦး တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် Logistics ကဏ္ဍနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိုးရပိုင် အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကအခန်းကဏ္ဍတို့၏ တိုးတက်ဆောင်ရွက်နေမှုများအား တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးပြီး၊ Logistics ကဏ္ဍလက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လုပ်ငန်းခွင်လေ့လာမှုများ ပြုခဲ့ကြပါသည်။

၃။ ဤဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ တာဝန်ခံများမှ ရှင်းလင်းတင်ပြချက်(အကျဉ်းချုပ်)ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) Logistics Management ဆိုသည်မှာ Supply Chain Management ၏ဝန်ဆောင်မှုဆိုင်ရာအစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ စားသုံးသူများ၏လိုအပ်ချက်ဆန္ဒပြည့်မီစေခြင်းငှာ ကုန်ပစ္စည်းထုတ်လုပ်ရာ တည်နေရာမှ ကုန်ပစ္စည်းဝယ်ယူသုံးစွဲရာ တည်နေရာအရောက် သက်ဆိုင်ရာသတင်းအချက်အလက်များအပါအဝင် ကုန်ပစ္စည်းများကိုသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင် ခြင်းနှင့်အခြားဝန်ဆောင်မှုမျိုးစုံကို အချိန်တိုအတွင်းအလေအလွင့် အနည်းဆုံးနှင့် အထိရောက်ဆုံးဝန်ဆောင်မှုပေးနိုင်ရန် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ထိန်းချုပ် ခြင်းတို့ဖြင့် စီမံခန့်ခွဲသည့်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်။ Logistics တွင်ပါဝင်သည့် လုပ်ဆောင်မှုများမှာ ကုန်ဝယ်အမှာစာများပြုစုခြင်း၊ ဝယ်လိုအားခန့်မှန်းခြင်း၊ ကုန်ပစ္စည်းစာရင်းအင်းစီမံခန့်ခွဲခြင်း၊ ကုန်ဝယ်ခြင်း၊ ကုန်သယ်ယူ ပို့ဆောင်ခြင်း၊ ကုန်သိုလှောင်ခြင်း၊ ကုန်ထုပ်ပိုးခြင်း

စသည်တို့ပါဝင်ပေသည်။ Logistics Providers လုပ်ငန်းဆောင်ရွက်သူများသည် ယင်းလုပ်ငန်းများကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လေ့ ရှိကြသည်။

(ခ) လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသော Logistics ဝန်ဆောင်မှုလုပ်ငန်းအဖြစ်သို့ရောက်ရှိရေးအတွက် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (သို့) ဒေသတွင်းစီးပွားရေးမိတ်ဖက်လုပ်ငန်းများ၊ ထူထောင် ခြင်းဖြစ်မြောက်ရေးတွင် ပူးပေါင်းပါဝင်ခြင်း၊ ကျွမ်းကျင်မှုတည်ဆောက်ရာတွင် Logistics Providers များအားသင်တန်းပေး၍ အရည်အချင်းရှိလာအောင် ဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အဦးနှင့်သက်ဆိုင်သည့်နည်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နည်းပညာနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဒေသတွင်းစံချိန်စံညွှန်းသတ်မှတ်ခြင်းများ မြှင့်တင်ရန် လိုအပ်သည်။

(ဂ) မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများအတွင်းကုန်ပစ္စည်းများလွယ်ကူလျှင်မြန်စွာ ပို့ဆောင်နိုင်ရေးအတွက် ကူးသန်းရောင်းဝယ်ရေးနှင့်စပ်လျဉ်းသည့်ကဏ္ဍတစ်ခုဖြစ်သည့် ထောက်ပံ့ပို့ဆောင်ရေးစီမံဖွဲ့စည်းမှုကဏ္ဍအား အကောင်အထည်ဖော်ရေးတွင် အပြုသဘောဆောင်သည့်ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ဆက်လက် ဆွေးနွေးဆောင်ရွက်သွားသင့်သည်ဟု သုံးသပ်ကြပါသည်။

(ဃ) တရုတ်ပြည်၏ Logistics လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကတွန်းအားပေးသည့် အချက်များမှာ အောက်ပါတို့ဖြစ်သည်-

(ကက) တရုတ်ပြည်တွင် တည်ငြိမ်ပြီး၊ ခိုင်မာသည့်စီးပွားရေးတိုးတက်မှုဖြစ်လာခြင်း၊

( ခခ ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးလာခြင်းနှင့် ၎င်းတို့၏ Logistics လုပ်ငန်းဆောင်ရွက်မှုအပေါ် တောင်းဆိုမှုများလာခြင်း၊

( ဂဂ ) ကုန်သွယ်မှုနှင့်အတူ သယ်ယူပို့ဆောင်သည့်ပမာဏများပြားစွာတိုးလာခြင်း၊

(ဃဃ) Logistics ဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၏မူဝါဒများဖြင့် အားပေးခြင်း၊

( ငင ) ပြည်တွင်းလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ခြင်း ဆောင်ရွက်မှုများအတွက် Logistics လုပ်ငန်းများမှ တာဝန်ယူဆောင်ရွက်ပေးမှုများပြားလာခြင်း၊

( စစ ) တရုတ်ပြည်၏အရေးပါသောစီးပွားရေးဒေသများအတွင်း Logistics Centers များပြားစွာ ပေါ်ထွက်လာခြင်း၊

(ဆဆ) သတင်းအချက်အလက်နည်းပညာအသစ်များထွန်းကားလာခြင်းကြောင့် ပိုမိုရှုပ်ထွေးသော အဖြေများကို ဖြေရှင်းနိုင်စွမ်းရှိလာပြီး၊ တန်ဖိုးမြင့်ဆောင်ရွက်မှုများ (Value-added Services) များပြားလာမှုအပေါ် ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း ။

ဒေါက်တာထိန်လင်း

ဒုတိယညွှန်ကြားရေးမှူး